ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ တင်ဒါပုံစံ၊ ညွှန်ကြားချက်များ၊ စံချိန်စံညွှန်းများနှင့် Architectural Drawing များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ငွေစာရင်းဌာနတွင် မှတ်ပုံတင်၍ ဝယ်ယူနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းသည့် ကုမ္ပဏီများသည် နိုင်ငံသားလုပ်ငန်းရှင်များ တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည့်အပြင်၊ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်အခများ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါအဆိုပြုလွှာကို အောက်ဖော်ပြပါလိပ်စာအတိုင်းလိပ်မူ၍ လူကိုယ်တိုင် တင်သွင်းရမည်-

**ဥက္ကဋ္ဌ**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ နေပြည်တော်**

ဟု လိပ်မူ၍ မိမိအဆိုပြုတင်သွင်းလိုသည့် တင်ဒါအမှတ်ကိုဖော်ပြလျက် တင်ဒါအဆိုပြုလွှာထည့်ရန် သေတ္တာထဲသို့ **၂၀၂၂ ခုနှစ်၊ မေလ ( ၁၆ ) ရက်** ၊ **၁၆:၀၀ နာရီ**တွင်နောက်ဆုံးထား၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာနသို့တင်သွင်းရမည်။ (သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းသည့် အဆိုပြုလွှာများကို လက်ခံမည်မဟုတ်ပါ)

၄။ နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား သီးခြားချိပ်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့် နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းရမည်။ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာ ထည့်သွင်းထားသည့် စာအိတ်ပေါ်၌ “ဈေးနှုန်းအဆိုပြုလွှာ” ဟုလည်းကောင်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့် ကျန်အထောက်အထားများကို ထည့်သွင်းထားသည့် စာအိတ်ပေါ်၌ “နည်းပညာအဆိုပြုလွှာ” ဟုလည်းကောင်းရေးသား၍ အိတ်ပိတ်ကာ လုပ်ငန်းအမျိုးအစား၊ ကုမ္ပဏီအမည်၊ တံဆိပ်(Logo)များကို ထင်ရှားစွာဖော်ပြ၍ တင်ဒါလက်ခံပုံးတွင် ထည့်သွင်းရန်ဖြစ်ပါသည်။ ( ဈေးနှုန်းအဆိုပြုလွှာနှင့် နည်းပညာအဆိုပြုလွှာတို့ကို ညွှန်ကြားချက်အတိုင်း မပြုလုပ်ဘဲ စာအိတ်တစ်အိတ်တည်းဖြင့် တင်ပြလာပါက ကနဦးစိစစ်သည့်အဆင့်တွင် အရည်အချင်းပြည့်မီမှုမရှိဟု မှတ်ယူပါမည်)

၅။ တင်ဒါတင်သွင်းရာ၌ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope) တွင် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာနှင့်အတူ **အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါဝင်ရမည်**ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial proposal envelope) တွင် တင်ဒါတင်သွင်းသည့်ဈေးနှုန်းကို ဖော်ပြထားပြီး ချိတ်ပိတ်ထားရမည်-

(က) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီဖွဲ့စည်းပုံဇယား ၊ ကုမ္ပဏီသက်တမ်း၊ စက်ယန္တရားပိုင်ဆိုင်မှု (အင်ဂျင်နီယာများ၏အမည်နှင့် လုပ်ငန်းအတွေ့အကြုံ)

(ခ) အဆိုပြုလုပ်ငန်းအတွက် ကွင်းဆင်းစစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံနှင့် သုံးသပ်ချက်

(ဂ) ကုမ္ပဏီမှဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ (Company Profile)နှင့် လုပ်ငန်းဓာတ်ပုံများ

(ဃ) တင်ဒါအာမခံကြေး **(၁%)** Deposit တင်သွင်းသည့် ချလံမူရင်းနှင့် မိတ္တူ(၁)စောင်

(င) Bank Statement နှင့် အခွန်ဆောင်ထားသည့်အထောက်အထားစာရွက်စာတမ်းများ

(စ) အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team) အဖွဲ့အားငှားရမ်းမည်ဖြစ်ပြီး ကုန်ကျစရိတ်အား ကုမ္ပဏီမှ ကျခံပေးမည်ဖြစ်ကြောင်းဝန်ခံချက်

(ဆ) ၁၀၀ % ဆောင်ရွက်ပြီးစီးပြီးနောက် အာမခံကာလအတွင်း ပျက်စီးမှုရှိပါက ပြုပြင်ထိန်းသိမ်းပေးမှုအာမခံချက်

(ဇ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး (Safety) အတွက် စီမံဆောင်ရွက်မှုဖော်ပြချက်

(ဈ) Builder Estimate, Bill of Quantity (BQ), Detail Design & Architectural drawing နှင့် အသုံးပြုမည့် ပစ္စည်းအမျိုးအစားများ

(ည) လုပ်ငန်းအချိန်ဇယား (Construction Work Schedule & Time Schedule)

၆။ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope ) များကို ဖွင့်ဖောက်၍ လိုအပ်သောအရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသည့် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်၍ အရည်အသွေးပြည့်မီပြီး၊ နည်းပညာကျွမ်းကျင်မှုဆိုင်ရာ (Technical) အောင်မှတ်ရရှိထားသည့် ကုမ္ပဏီများ၏ ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial proposal envelope) ကိုသာ တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ ဘတ်ဂျက်ခွင့်ပြုငွေနှင့် ကိုက်ညီမှုရှိပြီး ကျွမ်းကျင်မှုဆိုင်ရာ (Technical) ရမှတ်၊ ဈေးနှုန်း(Financial) အနည်းအများအလိုက်ရမှတ် နှစ်ရပ်ပေါင်းပြီး အမြင့်ဆုံးအမှတ်ရသည့် ကုမ္ပဏီကိုသာ ပထမအဆင့် တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်မည်။

၇။ တင်ဒါဖွင့်ပွဲသို့ တက်ရောက်ခြင်းမရှိသော ကုမ္ပဏီ၏ နည်းပညာကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical proposal envelope) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(Financial proposal envelope) တို့ကို ဖွင့်ဖောက်မည် မဟုတ်ပါ။

၈။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်း(၁) ခုစီအတွက် အိတ်ဖွင့်တင်ဒါ အာမခံစပေါ်ငွေ **(၁%)** ကို တင်ဒါမတင်သွင်းမီ **မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်** ငွေစာရင်းဌာနနှင့် ချိတ်ဆက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ပျဉ်းမနားသို့ **PO cheque** ဖြင့် ကြိုတင်ပေးသွင်းရမည်။

၉။ အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ တင်ဒါအာမခံကြေး **(၁%)** ကို ရုံးဖွင့်အလုပ် လုပ်ရက် (၇) ရက်အတွင်း ငွေစာရင်းဌာနမှ ပြန်လည်ထုတ်ပေးမည်။

၁၀။ အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏လုပ်ငန်းအာမခံကြေး (**Performance Guarantee)** အနေဖြင့် တင်ဒါအောင်မြင်သည့်တန်ဖိုး၏ (၅%)ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် အညီ တင်ဒါအောင်မြင်သူအဖြစ် ကြေညာသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း မြန်မာနိုင်ငံတော် ဗဟိုလ်ဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်ဆောင်ရွက်ပြီး **အထောက်အထား မူရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်** ငွေစာရင်းဌာနသို့ ပေးအပ်ရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ၏ တင်ဒါအာမခံ ကြေး **(၁%)** ကို ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါ Performance Guarantee **(၅%)** ကို တည်ဆောက်ရေးလုပ်ငန်းများပြီးစီးကြောင်း ဌာနကထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် (Completion Certificate) ရရှိပြီး (၄၅) ရက်ပြည့်မှသာ ပြန်လည်ထုတ်ပေးရမည်။

၁၁။ **အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းခြင်း**

(က) **အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။** မှားယွင်းတွက်ချက်မှု၊ မှားယွင်းဖြည့်စွက်မှု၊ အချက်အလက်မှားယွင်း မှုများရှိပါက တွက်ချက် တင်သွင်းသူ၌သာ တာဝန်ရှိသည်။

(ခ) အသုံးပြုသည့်ပစ္စည်းများသည် နိုင်ငံတွင်းမှဖြစ်ပါက ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၏ **ဒေသန္တရဈေးနှုန်းအတိုင်း** တွက်ချက်တင်ပြရန် ဖြစ်သည်။ စာရင်းစစ်ချုပ်ရုံးက စစ်ဆေးမည့် ဒေသန္တရဈေးနှုန်းဖြင့် စိစစ် ခြင်းခံရမည်။

(ဂ) ပစ္စည်းတန်ဖိုး၊ လုပ်အားခနှင့် မမျှော်မှန်းနိုင်သော အသုံးစရိတ်များကို အသေးစိတ် တွက်ချက်ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ခ ရာခိုင်နှုန်းမည်မျှဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) တင်ဒါအောင်မြင်သည့်အခါ လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆိုပြီး စာချုပ်အရ ငွေပေးချေ လက်ခံရရှိသည့်အချိန်တွင် လက်ခံရရှိငွေ၏ **Withholding Tax (၂%)** နှင့် **ကုန်သွယ် လုပ်ငန်းခွန် (၅%)** ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ပြီး ဖြစ်ရမည်။

(င) ဆောက်လုပ်လိုသည့် အဆောက်အဦပုံစံနှင့်ပြုပြင်မွမ်းမံလိုသည့် အဆောက်အဦများ၏ အရည်အသွေးသတ်မှတ်ချက် (Specification)သည် **နောက်ဆက်တွဲ(က)ပါ** သတ်မှတ်ပေးထားသည့်အတိုင်း ဖြစ်သည်။

(စ) လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းအလိုက် ခန့်မှန်းခြေစာရင်း (Estimate) တွက်ချက်တင်ပြရမည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား မှတ်တမ်းဓာတ်ပုံ Soft Copy & Hard Copy ကို နှစ်ပတ်လျှင်(၁)ကြိမ် ဌာနသို့ မပျက်မကွက် တင်ပြရမည်။

၁၂။ **စိစစ်ရွေးချယ်ခြင်း**

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီသည်-

(က) တင်ဒါအဆိုပြုလွှာများကို တင်သွင်းသူများ၏ရှေ့မှောက်တွင် ဖွင့်လှစ်မည်။ တင်သွင်းသည့်စျေးနှုန်းသည် အတည်ဖြစ်သည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မညီညွတ်သော တင်ဒါအဆိုပြုလွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) တင်ဒါတင်သွင်းသည့် ဆောက်လုပ်ရေးလုပ်ငန်းတွင်အသုံးပြုမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေးနှင့် စံချိန်စံညွှန်း၊ ပြီးစီးမည့်ရက်၊ အာမခံသက်တမ်း(Warranty)၊ ငွေပေးချေရမည့်အစီအစဉ်၊ လုပ်ငန်းခိုင်မာမှု စသည်တို့ကိုစိစစ်၍ တင်ဒါတင်သွင်းသူများအား အသိပေးကြေညာကာ **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** တင်ဒါဗဟိုကော်မတီ" ၏အတည်ပြုချက်ဖြင့် ရွေးချယ်မည်ဖြစ်သည်။

(ဃ) ရွေးချယ်ခံရသော လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏနှင့် တန်ဖိုးတို့ကို တင်ဒါအောင်မြင်သူထံသို့ အကြောင်းကြားပေးမည်။

၁၃။ **စာချုပ်ချုပ်ဆိုခြင်း**

တင်ဒါအောင်မြင်သူသည်-

(က) ရွေးချယ်ကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ (၇)ရက်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် လုပ်ငန်းအပ်နှံ/လက်ခံသည့် စာချုပ်ချုပ်ဆိုရမည်။

(ခ) တင်ဒါရွေးချယ်ခြင်းခံရသူ၏ လုပ်ငန်းအလိုက် ခန့်မှန်းခြေစာရင်းများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြစိစစ်ခြင်းခံရမည်။

(ဂ) တင်ဒါအောင်မြင်သူမှ တစ်ဆင့်ငှားရမ်းလုပ်ကိုင်ခြင်း (Sub contract) ပေးခြင်းကို ခွင့်မပြုကြောင်းနှင့် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်မည့် ဝန်ခံချက်ရှိသော ကုမ္ပဏီဖြစ်ရမည်။ (Sub contract ပေးကြောင်းသိရှိရပါက တင်ဒါလုပ်ငန်းများကို ပယ်ဖျက်မည်)

(ဃ) ရွေးချယ်ခံရပြီးမှ မည်သည့်အကြောင်းကြောင့်ဖြစ်စေ စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ပါက တင်သွင်းထားသော အာမခံကြေး **(၁%)** ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူ မည်။

(င) ဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသည့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ဆောက်လုပ်ရေးတင်ဒါကော်မတီများ၊ QC Team များက မည်သို့ပင်စစ်ဆေးလက်ခံခဲ့စေကာမူ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်အဖွဲ့၏ စစ်ဆေးအတည်ပြုချက်များကို ကျေနပ်စွာ လက်ခံရမည်ဖြစ်ပြီး စာရင်းစစ်အကြံပြုချက်များအား တင်ဒါအောင်မြင်သူများမှ လိုက်နာဆောင်ရွက်ရမည်။

၁၄။ **ငွေပေးချေခြင်း**

(က) လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ အရစ်ကျ ငွေပေးချေမှုအားအောက်ပါအစီအစဉ်အတိုင်း တင်ဒါရွေးချယ်ခြင်းခံရသူနှင့် ညှိနှိုင်းသတ်မှတ်၍ စာချုပ်တွင် ထည့်သွင်းချုပ်ဆိုမည်-

လုပ်ငန်းပြီးစီးမှု(၁၀%)၏ လုပ်ငန်းတန်ဖိုးအား ပထမအကြိမ်
လုပ်ငန်းပြီးစီးမှု(၂၅%)၏ လုပ်ငန်းတန်ဖိုးအား ဒုတိယအကြိမ်
လုပ်ငန်းပြီးစီးမှု(၅၀%)၏ လုပ်ငန်းတန်ဖိုးအား တတိယအကြိမ်
လုပ်ငန်းပြီးစီးမှု(၇၅%)၏ လုပ်ငန်းတန်ဖိုးအား စတုတ္ထအကြိမ်
လုပ်ငန်းပြီးစီးမှု(၁၀၀%)၏ လုပ်ငန်းတန်ဖိုးအား ပဥ္စမအကြိမ်

(ခ) လုပ်ငန်းအဆင့်လိုက်ပြီးစီး၍ ငွေတောင်းခံသည့်အခါ၊ အရည်အသွေးစစ်ဆေးရေးကော်မတီနှင့် QC Team များမှ စာချုပ်ပါ စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး စာချုပ်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမှသာ အရည်အသွေးစစ်ဆေးရေးကော်မတီများ၏ စစ်ဆေးထောက်ခံချက်ဖြင့် ငွေပေးချေမည်။

(ဂ) ပေးချေမည့်အစီအစဉ်အရ ကျသင့်ငွေကို ရုံးဖွင့်အလုပ်လုပ်ရက် (၇)ရက်အတွင်း ချက်လက်မှတ်ဖြင့် ပေးချေမည်။

၁၅။ **လုပ်ငန်းပြီးစီးရန် နောက်ကျခြင်း၊ ပျက်ကွက်ခြင်း**

နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ပါ အင်ဂျင်နီယာစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး **သတ်မှတ်ကာလအတွင်း မပြီးစီးပါက (၁) ရက်လျှင် ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းတန်ဘိုး၏(၀.၀၁%)ကို နောက်ကျရက်နှင့် တွက်ချက်၍ ကျသင့်ငွေအား** မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာနသို့ ပေးသွင်းရမည်။ ပျက်ကွက်ခြင်းဖြစ်ပေါ်ပါက ချုပ်ဆိုထားသည့် စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ အရေးယူမည်။

၁၆။ **အဆောက်အဦအာမခံသက်တမ်းသတ်မှတ်ခြင်း**

မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်မှတပါး တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရလည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီးမှုဖြစ်ပေါ်ပါက လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးပြီးသော်လည်း အနည်းဆုံး (၂)နှစ်ပြည့်သည်အထိ တာဝန်ရှိနေမည်ဖြစ်ပြီး အဆိုပါ(၂)နှစ်အတွင်း ချို့ယွင်းပျက်စီးမှုများကို လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ယူပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးရမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

၁၇။ အထက်ဖော်ပြပါ တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို နားလည်သဘောပေါက်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ပါကြောင်း သဘောတူ လက်မှတ်ရေးထိုးပါသည်။

လက်မှတ်……………………………………………..
တင်ဒါအဆိုပြုသူအမည်…………………………………………
နိုင်ငံသားစိစစ်ရေးကတ်အမှတ်……………………………………….
ကုမ္ပဏီအမည်……………………………………….
ဆက်သွယ်ရန်ဖုန်းနံပါတ်……………………………………….
ရက်စွဲ……………………………………….